မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် စူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် စူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့်ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈) ဦး ရှိသည့်အနက် (၆၅၄) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စု စာရင်းစစ်ချုပ်အဖြစ် ဦးလွန်းမောင်အား ခန့်အပ်တာဝန်ပေးသင့်ကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍

စာမျက်နှာ ၃ ကော်လံ ၁ ●

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

23-2 (01).pmd 1 2/23/2011, 1:57 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်)

ဖွံ့ဖြိုးမှု အမွေခံကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကကျလျက်ရှိ သည်။ ပြည်ထောင်စုတစ်ဝန်း ဒေသတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်သွားလာနိုင်ရန် မြစ်ကူးတံတားကြီးများ၊ ကားလမ်းမကြီးများ၊ ရထားလမ်းများကို လက်ယှက်ထိုးဆက်သွယ်ဖောက်လုပ်ထားသဖြင့် ယနေ့ကာလတွင် လမ်းပန်းဆက်သွယ်ရေးသည် လွယ်ကူချောမွေ့လျက်ရှိနေပြီဖြစ်သည်။

တောင်တွေ့လျှင်လမ်းဖောက်၊ မြစ်တွေ့လျှင်တံတားဆောက် ဆိုစကားအရ တောင်များ၊ မြစ်ကြီးများ၊ သဘာဝအတားအဆီးများ မည်သို့ပင်ကာဆီးနေစေကာမူ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲဆောင်ရွက်မှုကြောင့် နိုင်ငံတစ်ဝန်း လမ်းတံတားကြီးများ အစီအရီပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။

မကြာသေးသောကာလ ဖေဖော်ဝါရီလ ၁၉ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်တွင် ပေ ၁၈၀နှင့် အထက် ၂၅၇ စင်းမြောက်ဖြစ်သော ပြည်ညောင်တံတားကို ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ညောင်တံတားကို အပေါ်ထည်သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းအောက်ထည်သံကူ ကွန်ကရစ်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားသည်။ စုစုပေါင်းတံတားအရှည်ပေ ၂၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ယာဉ်နှစ်လမ်းသွားဖြစ်ကာ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၄ လက်မစီရှိသည်။ ယာဉ်တစ်စီး၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယင်းတံတားတည်ဆောက်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက သားစဉ် မြေးဆက်အထိ ဆက်လက်ခံစားနိုင်ရန် ဖွံ့ဖြိုးမှုအမွေခံကောင်းများအဖြစ် ပြည်ညောင်တံတားအပါအဝင် တံတားကြီးများကို တည်ဆောက်ပေးထားရာ တိုင်းရင်းသားပြည်သူများက ယင်းအမွေခံကောင်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ထိန်းသိမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာကြည့်တိုက်အဆောက်အအုံသစ် တံတားဦး၌ဖွင့်

တံတားဦး ဖေဖော်ဝါရီ ၂၂

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကြပ်ပြင်ကျေးရွာ မောင်းကြီးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးကျော်သန်းထွန်း၊ တံတားဦးမြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်တင်နှင့် အလှူရှင် ဦးအောင်မောင်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာပေဟောပြော

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်သန်းထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ဒေါ်မမနိုင်(မန္တလေးရုပ်သေး)နှင့် ဒေါ်ယဉ်ယဉ်နု(ယဉ်ယဉ်နု-မန္တလေး)တို့က စာပေအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျား ၂၄ပေ၊ အနံ ၁၅ပေရှိ အုတ်ခုံခင်း၊ ထရံကာ၊ သွပ်မိုး အဆောက်အအုံဖြစ်ပြီး အလှူရှင် ဦးအောင်မောင်းမိသားစုတို့က ငွေကျပ် သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဂျပန်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်နှင့် ဖိတ်ကြားထားသော ဧည့်သည်များအား ဂျပန်နိုင်ငံ တိုကျိုမြို့ Sojitz Corporation မှ Senior Vice-President, Mr.Takeda ဦးဆောင်၍ အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ဂျပန်-မြန်မာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကိစ္စ၊ ကုန်သွယ်မှုနှင့် စီးပွားရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းဆိုင်ရာကိစ္စ၊ အထူးစီးပွားရေးဇုန် ဥပဒေဆိုင်ရာကိစ္စရပ်များ၊ ဈေးကွက်သစ်များနှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ရှာဖွေလေ့လာခြင်းဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

မြို့စိမ်းလန်းစိုပြည်ရေး ကွင်းဆင်းစစ်ဆေး

ဘုရားသုံးဆူ ဖေဖော်ဝါရီ ၂၂

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးရဲလင်းဦးနှင့် အဖွဲ့ဝန်ထမ်းများသည် ဥဒေါင်းကန် စိမ်းလန်းစိုပြည်သာယာရေးနှင့် အများပြည်သူစိတ်လက်အပန်းဖြေနိုင်ရေးအတွက် ဥဒေါင်းကန်၏ ဘေးဝဲယာ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၀ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခရိုင်ချင်းဆက် အမှတ်(၂) တံတား ချဉ်းကပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၂ ရက်က အမက(၂၂)တာမွေတွင် ဘက်စုံပညာရည်ချွန် ဆုပေးပွဲနှင့် မာလ်တီမီဒီယာခန်းမ ဖွင့်ပွဲကျင်းပရာ ကျောင်းအဆင့် ဘက်စုံထူးချွန် ပထမဆုရရှိသော သူငယ်တန်းမှ မမေသန္တာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မင်းပြားမြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့်မိဘများ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော သားသမီးများစာရင်းကို ဒေါက်တာစံလှကျော် ဖုန်း-၇၃၀-၁၂၂၉၆၊ ဦးထွန်းကျော် ဖုန်း-၀၁-၅၁၁၄၄၀၊ ဦးကျော်ဝင်း ဖုန်း-၇၃၀-၂၉၃၄၃၊ ဦးမောင်အေးရွှေ ဖုန်း-၇၃၀-၃၆၉၀၈နှင့် ဦးသန့်စံ ဖုန်း-၀၉-၈၅၀၁၈၀၀၀တို့ထံသို့ ဖေဖော်ဝါရီ ၂၄ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၂၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)နှင့်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆တို့နှင့်အညီ တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များမှာ ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့် ဦးမြင့်ဟန်တို့ဖြစ်ကြသည်။

ကြေညာ

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့်ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာ ပါတီအလိုက်ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက် တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။



နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုတရားသူကြီးချုပ် အဖြစ် ရွေးချယ်ခံထားရသူနှင့် ညှိနှိုင်း၍ တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။

(သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၄-၂-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော်(ပုဗ္ဗဏှသုတ်)
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (သူတော်ကောင်းပီသအောင်-၃)
၈း၃၅	တေးပဒေသာ
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ဂီလတ်)
၁၁း၄၅	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၅၅	တေးသီချင်း
၁၂း၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (လယ်ယာလုပ်ငန်းသုံးကိရိယာ ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်း)
၁၂း၃၀	တေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	အမှတ်တရတေးလက်ဆောင်
၁၇း၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (သတိရပါတယ် သူငယ်ချင်း) တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ရေဒီယိုဇာတ်လမ်းတွဲ **ဂီတာတစ်လက်ရဲ့ နှလုံးသားသံစဉ်** (ဇာတ်သိမ်းပိုင်း)
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	ညနေခင်းတေးပဒေသာ
၁၈း၂၅	ကျေးလက်ဇာတ်လမ်း **(စာကလေးတစ်စောင်)**
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၀၅	ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉း၃၀	သုတစုံကြွယ်သိစေဖွယ် (အာရှ၏ကိုယ်ခံပညာ)
၁၉း၄၀	ရေဒီယိုအတိုတ်တေးအရိပ်
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ထာဝရအဆုံးထိ)
၂၀း၅၀	တေးသံစုံ (နိုင်ငံတော်ဆိုင်းအဖွဲ့ရဲ့ တေးသံစုံ) စီးပွားရေးဦးတည်ချက်
၂၁း၀၀	ဆောင်းပါး (ကုသိုလ်ဖြင့်တည်ဆောက်သော ဘဝကောင်း ဘဝမွန်)
၂၁း၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

ဝန်ကြီးဦးသိန်းအောင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သစ်အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်သည် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် စက်မှုမြို့ရှိ Beautiful Wood Industry Co., Ltd. သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမန်နေဂျင်းဒါရိုက်တာနှင့်စက်ရုံမှူးတို့က သစ်အချောထည်များ ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်

နေမှုကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဆက်လက်၍ Myanmar Technologies Industry သစ်အချောထည်စက်ရုံနှင့် Lin Win Co., Ltd. သစ်အချောထည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့

အဆိုပါစက်ရုံများမှ သစ်အချောထည် ပရိဘောဂပစ္စည်းများကို အရှေ့တောင်အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဟသ်ာတ - ဆုံကုန်း - မြန်အောင်လမ်း ဒုတိယဝန်ကြီး ဦးမြင့်သိန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကြိမ်ပင်ဆည်-စကြော့-ဓနုဖြူ-ဇလွန်-ဟသ်ာတလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဟသ်ာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး အဆိုပါ လမ်းပေါ်ရှိ မမြချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်းများ

ရုရှားကုန်တင်ယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းမှ ကမ္ဘာမြေပြင်သို့ပြန်လည်ထွက်ခွာ

မော်စကို ဖေဖော်ဝါရီ ၂၂

ရုရှားကုန်တင်ယာဉ် အမ်-၀၇အမ်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၌ခြောက်လတာ တာဝန်ထမ်းဆောင်ပြီးနောက် ကမ္ဘာသို့ပြန်လည်ထွက်ခွာရန် နိုင်ငံတကာ အာကာသယာဉ်စခန်းနှင့် ချိတ်ဆက်မှုကို ဖေဖော်ဝါရီ ၂၁ ရက်၌ ဖြုတ်လိုက်ပြီဖြစ်ကြောင်း မော်စကို အာကာသယာဉ် ထိန်းချုပ်ရေး မြေပြင်စခန်းက သတင်းထုတ်ပြန်သည်။

၄င်းအာကာသယာဉ်အား နိုင်ငံတကာ အာကာသယာဉ်စခန်းမှ ဖေဖော်ဝါရီ ၂၁ ရက် မော်စကိုစံတော်ချိန် ၁၆ နာရီ ၁၂ မိနစ်၌ စတင်ဖြုတ်ကာ ကမ္ဘာမြေရှိ တောင်ပစိဖိတ်ရေပြင်သို့ မော်စကိုစံတော်ချိန် ၁၉ နာရီ ၅၈မိနစ်၌ ဆင်းသက်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။ **(ယာပုံ)**

၄င်းအာကာသယာဉ်သည် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ပြီးခဲ့သည့် နှစ်စက်တင်ဘာက ရောက်ရှိချိတ်ဆက်ကာ လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မျက်စိလည် လမ်းမှားခဲ့သောကျား ဘင်္ဂလားဒေ့ရှ်၌ ပြန်လွှတ်ပေး

ဒါကာ ဖေဖော်ဝါရီ ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆန်ဒါဘန်းစ် ဒီရေတောအနီးရှိ ကျေးရွာများအတွင်း မျက်စိလည်လမ်းမှား ဝင်ရောက်လာသော ကျားတစ်ကောင်ကို တောအတွင်း ပြန်လွှတ်ပေးလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ပထမဆုံး

ကျားတစ်ကောင်ကို မေ့ဆေးပေးပြီးနောက် တောအတွင်းသို့ ပြန်လွှတ်ပေးခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်တာဝန်ရှိသူများက ပြောကြားသည်။

ဘင်္ဂလားကျားတစ်ကောင်သည် ဖေဖော်ဝါရီ ၁၉ရက်ညပိုင်းက ဆတ်စီရာခရိုင်တောင်ပိုင်း ကျေးရွာတစ်ရွာအတွင်း ဝင်ရောက်ခဲ့သည်။ ကျားက အနီးသို့ကပ်လာသော လူနှစ်ဦးကို သတ်ပုတ်ရန်ကြိုးစားခဲ့သော်လည်း ၄င်းကျားကို ပစ်ခတ်သတ်ဖြတ်ခြင်း မပြုကြရန် ကျေးရွာတောစောင့်တစ်ဦးက သတိပေးခဲ့သည်။

(အောက်ပုံ)

ပြန်လွှတ်ပေး

ခြောက်နာရီကြာပြီးနောက် တိရစ္ဆာန်ကျွမ်းကျင်သူများက ကျားကိုမေ့ဆေးထိုးပြီး ဖေဖော်ဝါရီ ၂၀ ရက်ညနေပိုင်းတွင် ကျေးရွာမှ ၄၂ မိုင်ဝေးသော တောအတွင်းသို့ပြန်လွှတ်ပေးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဩစတြေးလျ၌ ဒါလီမြစ်ရေလျှံမှုဖြစ်

ကင်ဘာရာ ဖေဖော်ဝါရီ ၂၂

ဩစတြေးလျနိုင်ငံ ဒါဝင်မြို့တောင်ပိုင်းတွင် ဒါလီမြစ်ရေလျှံမှုကြောင့် နေအိမ်များရေနစ်မြုပ်ပြီး ဒေသခံ ၃၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဩစတြေးလျအရာရှိများက ဖေဖော်ဝါရီ ၂၁ ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ပြီးခဲ့သည့် ရက်အနည်းငယ်ကတည်းက ကာလိုစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများ ဖြစ်ပွားနေခဲ့ခြင်းဖြစ်ပြီး မြစ်ရေလျှံမှုများ ဖြစ်ပွားခြင်း ဖြစ်သည်။ ဖေဖော်ဝါရီ ၂၀ ရက်၌ ဒါလီမြစ်ရေသည် ၁၄ ဒသမ ၉ မီတာအထိ မြင့်တက်ခဲ့ရာ အရေးပေါ်စိုးရိမ်ရေမှတ်အထိ ရောက်ရှိလာပြီး ဒေသခံများအား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကို၌ တစ်ပတ်အတွင်း လူ ၄၀ ခန့် သတ်ဖြတ်ခံခဲ့ရ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၂

မက္ကဆီကိုနိုင်ငံ ဂျူရာရာဇ်မြို့တွင်း၌ ပြီးခဲ့သည့် သောကြာနေ့မှ စတင်၍ သတ်ဖြတ်ခံရသူပေါင်းမှာ အနည်းဆုံး ၄၀ခန့်ရှိခဲ့ပြီဖြစ်ကြောင်း၊ နှစ်များစွာအတွင်း ယင်းမြို့၌ဖြစ်ပွားသည့်အဓိကရုဏ်းများတွင် အဆိုးရွားဆုံးဖြစ်ကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၂၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ သတ်ဖြတ်မှုများသည် မူးယစ်မှောင်ခိုဂိုဏ်းများနှင့် ပတ်သက်ဆက်နွယ်ဖြစ်ပွားခဲ့သည့် လူသတ်မှုများဖြစ်သည်။

ဖြစ်ပွား

ယင်းဂျူရာရာဇ်မြို့သည် အမေရိကန်နိုင်ငံ၏ နယ်စပ်အနီးတွင်တည်ရှိပြီး ၂၀၁၀ ခုနှစ် တစ်နှစ်တာအတွင်း လူသတ်မှုပေါင်း ၃၀၀၀ထက်မနည်း ဖြစ်ပွားခဲ့သည်။ **(အင်တာနက်)**

အီရန်စစ်သင်္ဘောနှစ်စင်း စူးအက်တူးမြောင်းကိုဖြတ်သန်း

ကိုင်ရို ဖေဖော်ဝါရီ ၂၂

အီရန်စစ်သင်္ဘောနှစ်စင်းသည် မြေထဲပင်လယ်သို့ဖြတ်ရန် စူးအက်တူးမြောင်းထဲသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက်က ပြောကြားသည်။

ယင်းစစ်သင်္ဘောများသည် လေ့ကျင့်သင်တန်းပေးရန် ဆီးရီးယားသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားသည်။ ၄င်းသင်္ဘောများသည် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၄၅ မိနစ်က စူးအက်တူးမြောင်းအတွင်း ဝင်ရောက်သွားခဲ့ခြင်းဖြစ်ကြောင်း စူးအက်တူးမြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီရန်စစ်သင်္ဘောများ စူးအက်တူးမြောင်းအတွင်း ဖြတ်သန်းခြင်းသည် အီရန်၏ ၁၉၇၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သည်။

စိုးရိမ်နေ

အစ္စရေးတို့က အီရန်၏စစ်သင်္ဘောနှစ်စင်းဖြတ်သန်းခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေသည်။ အီရန်က အငြင်းပွားဖွယ် နျူကလီးယားကိစ္စ၊ တာဝေးပစ်ဒုံးပျံနည်းပညာကိစ္စနှင့် လက်ဘနွန်နှင့် ပါလက်စတိုင်း လက်နက်ကိုင်များအား လက်နက်ထောက်ပံ့ပေးသည်ဆိုသည့်ကိစ္စတို့အပေါ် စိုးရိမ်နေသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုဂါဒစ်ရှူး၌ အသေခံကားဗုံးခွဲ သေဆုံးသူ ခုနစ်ဦးရှိ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၂

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူးရှိ ရဲဌာနတစ်ခုကို ပစ်မှတ်ထားသည့် အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ အနည်းဆုံး ခုနစ်ဦးရှိပြီး ၃၅ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပေါက်ကွဲပစ္စည်းများ အများအပြားတင်ဆောင်ထားသည့် ယင်းမော်တော်ယာဉ်ဗုံးပေါက်ကွဲမှု ထုထည်သည် အလွန်ပင် ပြင်းထန်ကြီးမားကြောင်း၊ ရဲစခန်းအဆောက်အအုံနှင့်အတူ အနီးဝန်းကျင်ရှိ အိမ်များလည်း ထိခိုက်ပျက်စီးခဲ့ကြောင်း၊ မီးလောင်ကျွမ်းထားသည့် အလောင်းများမှာလည်း ပေါက်ကွဲမှု နေရာပတ်လည်တွင် ပြန့်ကျဲလျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများကတစ်ဆင့် သိရှိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မာလီနိုင်ငံ အားကစားရုံ၌ ပွဲကြည့်စင်ပြိုကျ သေဆုံးသူ အနည်းဆုံး ၃၀ ရှိ

ဘာမာကို ဖေဖော်ဝါရီ ၂၂

မာလီနိုင်ငံမြို့တော် ဘာမာကိုရှိ အားကစားရုံတစ်ရုံ၌ ဖေဖော်ဝါရီ ၂၂ ရက်က ပွဲကြည့်စင်ပြိုမှု ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးခဲ့သူ ဦးရေမှာ အနည်းဆုံး ၃၀ ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၄င်းမတော်တဆ ဖြစ်ပွားမှုအတွင်း ဒဏ်ရာရရှိသူမှာလည်း များပြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သေဆုံးခဲ့

ထိုင်ခုံ နှစ်သောင်းခွဲဆံ့ မိုဒီကိုကေတာ အားကစားရုံအတွင်း အခမ်းအနားပွဲတစ်ရပ်ကျင်းပစဉ်၌ ပွဲကြည့်စင် ပြိုကျခဲ့ခြင်းဖြစ်သည်။ အခမ်းအနားတွင် တာဝန်ရှိသူက အဖွင့်စကားပြောဆိုပြီးချိန် နောက်ပိုင်း၌ ပြိုကျခဲ့ခြင်းဖြစ်သည်။

အားကစားရုံရှိ အမာခံကာ စည်းရိုးများအနီး ရှိသူများမှာ ပိုမိုသေဆုံးခဲ့ရကြောင်း မာလီနိုင်ငံ ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

(အင်တာနက်)

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

နယူးယောက်မြို့တွင် မီးလောင်မှုဖြစ်ပွား မီးသတ်တပ်ဖွဲ့ဝင်များအပါအဝင် ၂၀ ဒဏ်ရာရရှိ

နယူးယောက် ဖေဖော်ဝါရီ ၂၂

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဖေဖော်ဝါရီ ၂၂ ရက်က အထပ်ခြောက်ထပ်ရှိ အဆောက်အအုံတစ်ခု မီးလောင်ရာ လေပြင်းတိုက်ခတ်သဖြင့် ရာပေါင်းများစွာသော နယူးယောက် မီးသတ်သမားများက လေးနာရီကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ဒဏ်ရာရ

ဖေဖော်ဝါရီ ၂၂ ရက်က နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်၌ လောင်ကျွမ်းခဲ့သည့်မီးကို ငြိမ်းသတ်ရာ၌ အနည်းဆုံး မီးသတ်တပ်ဖွဲ့ဝင်အပါအဝင် ၂၀ ဒဏ်ရာရသွားကြောင်း မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(ယာပုံ)**

ဒဏ်ရာရသူများအနက် မည်သူမျှ အသက်အန္တရာယ် ဖြစ်လောက်အောင် မပြင်းထန်ကြောင်း သိရသည်။ အနည်းငယ်စီ ဒဏ်ရာရသူများတွင် အရပ်သားလေးဦး ပါဝင်သည်ဟုဆိုသည်။ **(အင်တာနက်)**

23-2 (04).pmd 1 2/23/2011, 1:57 AM

ထားဝယ်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက ထားဝယ်ခရိုင် ထားဝယ်-မြိတ် မီးရထားလမ်းစီမံကိန်း ထားဝယ်-သရက်ချောင်းလမ်းအပိုင်း ပေါက်တိုင်းချောင်းတံတား သံပေါင်၊ သံကူကွန်ကရစ် ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ရေးပစ္စည်းများပေးအပ်

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် ထားဝယ်မြို့ မြောင်းပုလဲတိုးချဲ့ရပ်ကွက် ငွေပုလဲ(၃) စစ်မှုထမ်းဟောင်း အိမ်ရာ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အိမ်ရာနေ စစ်သည်နှင့် မိသားစုများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ အိမ်ရာဖြစ်မြောက်ရေးတွင် ပါဝင်ပံ့ပိုးကူညီခဲ့ကြသူများအားဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ ဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကိုတောင်ကြီးမြို့နယ်ရှိကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာယုယဝင်းက အမှာစကားပြောကြားပြီး ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိမ်းမှောက်မှုများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှစစ်ဆေးရေးမှူး-၂ ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးသူများအပါအဝင် လမ်းအသုံးပြုသူများလိုက်နာရမည့် အချက်အလက်များကို Projector Laptop ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ပြည်နယ်၊ ကညန)

အင်္ဂပူမြို့နယ် အမှတ်(၃) ရပ်ကွက် ဇေယျာသုခလမ်း ကျောက်ချောလမ်းခင်းခြင်းကို ဇန်နဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြေကြီးမြေပုံ မှန်ကန်ရေး လှည်းကူး၌ ကွင်းဆင်းဆောင်ရွက်

လှည်းကူး ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေကြီးမြေပုံမှန်ကန်ရေးလုပ်ငန်းအတွက် ပြန်တိုင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၀-၂၀၁၁ခုနှစ် ပြန်တိုင်းရန် ကွင်းပေါင်း ၁၀ ကွင်းသတ်မှတ်ထားပြီး ကွက်ကျဲတိုင်းတာပြီးစီးမှုအပေါ် မှန်ကန်မှုရှိ မရှိကို ဖေဖော်ဝါရီ ၁၆ရက် နံနက်၉နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောလင်းခိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ကြိုးဆွဲစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သပိတ်ကျင်း ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက်လှူဒါန်း

သပိတ်ကျင်း ဖေဖော်ဝါရီ ၂၂

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက်နှင့် ဆေးငွေ့ရှူစက်ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၄ရက် မွန်းလွဲ ၂နာရီခွဲက သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် မန္တလေးမြို့နေ အလှူရှင် ဦးကျော်မြင့်-ဒေါ်ခင်ရီ သမီးဒေါ်နွဲ့နွဲ့ရီ(မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ သပိတ်ကျင်းမြို့နယ်)မိသားစုကတန်ဖိုး ငွေကျပ်၁၁သိန်းရှိ အောက်ဆီဂျင်စက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက် အလှူရှင် ဒေါ်ညိုညိုခင် (AGအောင်)မိသားစုက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ဆေးငွေ့ရှူစက်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းယုက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(ဝဲပုံ) (ကျန်းမာရေး)

Super Power အဆင့်မြင့် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီ ရောင်းအားမြင့် စွမ်းဆောင်ရည်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Myanmar New Stars Industry Co., Ltd. ၏ ၂၀၁၀ခုနှစ်အတွက် အဋ္ဌမအကြိမ်မြောက် Super Power, Speed နှင့် Super Rocket အဆင့်မြင့်အင်ဂျင်ဝိုင်၊စက်ဆီ၊ချောဆီ ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က အမှတ် က-၃၉ အခန်း(၉) ဘုရင့်နောင်ဈေးအပြင်ဘက်တန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

ရှေးဦးစွာ Myanmar New Stars Industry Co., Ltd. Managing Director ဦးကိုလေးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ၂၀၁၀ခုနှစ် တစ်နှစ်တာကာလအတွင်း ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည် ပထမဆုရ အန်တီဝင်း(တာယာ၊ ဘက်ထရီနှင့် အင်ဂျင်ဝိုင်ရောင်းဝယ်ရေး) ဘုရင့်နောင်ဈေး၊ ဒုတိယဆုရ ကိုနေဝင်း(စာရေးကြီးကားပစ္စည်းဆိုင်) တောင်ကြီးမြို့နှင့် တတိယဆုရ ကိုဝင်းထွန်း (ဝင်းထွန်းကားပစ္စည်းဆိုင်) ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့အားငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**

ထို့အပြင် အရောင်းကိုယ်စားလှယ် ၅၁ ဦးအား ဂုဏ်ပြုငွေသားဆုကိုလည်းကောင်း၊ ကျန်အရောင်းကိုယ်စားလှယ် ၄၉ဦးအား ရောင်းအားအမြင့်ဆုံး စွမ်းဆောင်ရည်အလိုက် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

Myanmar New Stars Industry Co., Ltd. သည် U.A.E နိုင်ငံမှ Super Power, Speed နှင့်Super Rocket အဆင့်မြင့် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများကို မြန်မာပြည်အတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ရယူပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အတွက် လက်လီလက်ကားဝယ်ယူ ရောင်းချလိုသူများအနေဖြင့် အမှတ်က-၃၉ အခန်း(၉)ဘုရင့်နောင်ဈေး အပြင်ဘက်တန်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၈၆၂၆၃၊ ၆၈၆၇၂၇နှင့် ဖက်စ်-၆၈၆၃၀၆သို့လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးရုံးခွဲ အမှတ် ၃၃၀၊ ၈၂လမ်း၊၂၈×၂၉လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၇၂၃၄၃နှင့် ၂၁၁၆၀တို့သို့လည်းကောင်း၊ အထက်မြန်မာပြည် မြစ်ကြီးနားရုံးခွဲ အမှတ်၁၃၄ ရှမ်းစုမြောက် မြစ်ကြီးနားမြို့ ဖုန်း-၀၉-၄၇၀၀၁၄၂၇ နှင့် ၀၉-၄၇၀၃၄၆၇၁ တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဒေါက်တာနေဇင်လတ်၏ လွတ်လပ်ခြင်းနှင့် လွတ်လပ်စီးပွား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ် (၆၇)ကို ဖြန့်ချိလိုက်သည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲတော် စစ်တွေမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ၊ ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံသို့ ပေးအပ်နေသော အကူအညီများကို ၅၀ ရာခိုင်နှုန်းတိုးမြှင့် ကူညီသွားမည်၊ လေကြောင်းလိုင်းသစ်များ ပျံသန်းပြေးဆွဲရန်စီစဉ်၊ အပြည်ပြည်ဆိုင်ရာ ပညာရှင်များနှင့် မြန်မာပညာရှင်များက မြန်မာ့ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်မည့် ရာသီဥတုဖြစ်စဉ်များကိုဆွေးနွေး၊ UMFCCIမှ တာဝန်ရှိသူများနှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ၊ ပိုင်ရှင်ခွင့်ပြုချက်မရှိသော သီချင်းများကို အသွင်သဏ္ဌာန်ပြောင်းလဲ၍ အသုံးပြုပါက မူပိုင်ခွင့်အရ အရေးယူခံရနိုင်၊ ထားဝယ်ရေနက်ဆိပ်ကမ်း ဆောက်လုပ်နေသည့် မြန်မာလုပ်သားများ လစာတိုးမြှင့်ရရှိ၊ တော်ဝင် မော်တော်ယာဉ်ထုတ်လုပ်ရေးမှ MPV အမျိုးအစား ဘယ်မောင်းကားစီးရေ ၁၀၀ထုတ်လုပ်ခွင့်ရရှိ၊ ချင်းတွင်းမြစ်ကြောင်း ရှင်းလင်းသည့်အနေဖြင့် သဲသောင်ခုံများကို ရွှေတူးဖော်ခွင့်ပေးအပ်၊ ကျပ်ငါးသိန်းတန် တယ်လီဖုန်းနံပါတ်များ၏ရှေ့တွင် ၀၉ထား၍ ခေါ်ဆိုရခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်၊ ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု ဖြစ်ပွားသည့် ခရီးသည်တင်ယာဉ်များ ဒဏ်ကြေးငွေပေးဆောင်ပြီးမှ ပြန်လည်ပြေးဆွဲခွင့်ပြုမည်၊ ဝင်ငွေနည်းသူများ နေထိုင်ရေး အဆင်ပြေစေဖို့ တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီ၏ တန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ ဂျပန်နှင့်အငြင်းပွားနေသော ကူရိုင်းကျွန်းပေါ်တွင် ရုရှားက ဒုံးပျံများ ချထားတော့မည်၊ တာလီဘန်သူပုန်တို့ထံ ဒုံးပျံရောင်းရန်ကြံသူများ စွဲချက်တင်ခံရပြီ၊ ဥရောပ၌ အမေရိကန်တို့၏ နျူကလီးယားလက်နက် ၂၀၀ရှိနေစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ထုတ်ဝေ

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

ဘူးသီးတောင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဖေဖော်ဝါရီ ၈ရက်က ဘူးသီးတောင်မြို့နယ် ကထိလုကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ဆရာဆရာမများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များမှာကြားပြီး ကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ အလှူငွေများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဘူးသီးတောင်-မောင်တောကားလမ်းတစ်လျှောက် လမ်း/တံတားကြံ့ခိုင်မှု၊ မိုင်တိုင်အမှတ်(၇/၆) နေရာရှိ လိုဏ်ဂူကြီးရှောင်ကွင်းလမ်းဖောက်လုပ်နေမှုနှင့် မိုင်တိုင်အမှတ်(၉/၆)၌ သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွင်းဆင်းဆောင်ရွက်

ချောင်းသာကမ်းခြေ သာယာလှပစေရေးအတွက် ကမ်းခြေဈေးသည်များ သတ်မှတ်စည်းကမ်းနှင့် အညီရောင်းချနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (ချောင်းသာ) တာဝန်ခံဦးနေမျိုးအောင်နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိများက ကွင်းဆင်းဆောင်ရွက်စဉ်။ (၄၂)

ရောင်ခြည်လင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ချောင်းဆုံ၌ဖွင့်

ချောင်းဆုံ ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကောဒွတ်ကျေးရွာ (နီးမုတ်ကျေးရွာအုပ်စု) ရောင်ခြည်လင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမိုးမြင့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးမြင့်က အမှာစကားပြောကြားပြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်တင်ကစာကြည့်တိုက်ဖြစ်ပေါ်လာပုံကိုလည်းကောင်းရှင်းလင်းတင်ပြပြီး အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ပေ ၂၀၊ အနံ ၂၄ ပေ၊ သွပ်မိုး၊ အုတ်ကာနှင့်ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် ဗန်းမော်မြို့နယ်၌ဖွင့်

ဗန်းမော် ဖေဖော်ဝါရီ ၂၂

ဗန်းမော်မြို့နယ် နောင်ခိုရပ်ကွက် အင်အားသစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်၊ပရိဘောဂ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းများပေးအပ်လှူဒါန်းပွဲကိုဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ ဗန်းမော်မြို့နယ် ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်မှူး ဦးညွန့်ရွှေက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်ငါးရပ်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ စုပေါင်း၍ အင်အားသစ် စာကြည့်တိုက်အတွက် ငွေပဒေသာပင် ငွေကျပ် ၃၂၂၀၀၀၊ မှန်ဗီရို လေးလုံး၊ စာကြည့်စားပွဲရှည် နှစ်လုံး၊ စားပွဲတစ်လုံး၊ ထိုင်ခုံ တစ်လုံး၊ ဆက်တီခုံ၊ သုတ၊ ရသ စာအုပ်မျိုးစုံ အုပ်ရေ ၃၅၀၊ ၂၁ လက်မရောင်စုံ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ရေဒီယို တစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဖွင့်လှစ်ပေး

ထို့နောက် အင်အားသစ်စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဥက္ကာ၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးညွန့်ရွှေ၊ မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေး၊ ရပ်မိရပ်ဖ ဦးအောင်လွန်းမောင်နှင့်နောင်ခိုရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၂ရက်က အမက(၂၂)တာမွေတွင် ပညာရည်ချွန်ဆုပေးပွဲနှင့် မာလ်တီမီဒီယာခန်းမဖွင့်ပွဲ အခမ်းအနားတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းမှ မဆန်းလဝင်းအား ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ပင်မအလှူရှင် ဦးရွှေဖီနှင့်ဇနီး ဒေါ်မြမြဝင်း (စိန်ကုလား သွေးဆေးမိသားစု)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ရွှေဆွဲပြားဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးသတ်ဦးစီးဌာနရုံးချုပ် မြို့နယ်သတင်းထောက်အား ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် သီတာရေစင်လမ်း၌ ဖေဖော်ဝါရီ ၈ ရက်က လူနေအိမ်များမီးလောင်ရာတွင် တိုင်းဒေသကြီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်တိုတိုအတွင်း စွမ်းစွမ်းတမံ မီးငြိမ်းသတ်ခဲ့မှုသတင်းကို သတင်းစာများတွင် ဓာတ်ပုံနှင့်တကွ သတင်းရေးသားပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်သတင်းထောက်အား မီးသတ်ဦးစီးဌာန(ရုံးချုပ်ရုံး)မှ ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ်ရှိမီးသတ်ဦးစီးဌာနရုံးချုပ်၌ ကျင်းပရာ ရှေးဦးစွာ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်သူရက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရကသဃ်ာန်းကျွန်းမြို့နယ်သတင်းထောက် ဦးတင်ကြည်အား မှတ်တမ်းတင်ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)** (၁၂၁)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပခုက္ကူ၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၂၂

၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစီမံကိန်းအတွက် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဟောက်ဆွင်းမန်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးစီးအရာရှိ ဦးဟန်ထွန်းအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူးနှင့်မြို့နယ်မြေစာရင်းဦးစီးဌာနမှူးတို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။

(၀၇၀)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ပေါင်မြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

ပေါင် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉နာရီက ပေါင်မြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွှန့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစောအောင်မျိုးက သင်တန်းနှင့်ပတ်သက်သည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ခုနစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်း၍ ဖေဖော်ဝါရီ ၇ ရက်က အဖွဲ့ပိုင် သီရိရတနာဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားများ ကျန်းမာ သန့်ရှင်းမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့ ဗိုလ်ချုပ်လမ်း ဈေးသစ်ရပ်ကွက်နေ ဒေါ်ရွှေအင်(ခ) ဒေါ်အိမွေ(စိန်စားသောက်ဆိုင်)က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက်ငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးကြည်မြင့် လက်ခံယူစဉ်။ (၁၀၅)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCCC TDG Tainjin Dredging Co., Ltd. ဥက္ကဋ္ဌ Mr. Qian Xianguo ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံဧည့်သည်နှင့်အဖွဲ့ ဝန်ကြီးဦးသိန်းဆွေအား လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCCC TDG Tainjin Dredging Co., Ltd. ဥက္ကဋ္ဌ Mr. Qian Xianguo ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရန်ကုန်မြစ်ကြောင်းတစ်လျှောက် သောင်တူးဖော်ခြင်းနှင့် မြစ်ကြောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် ကျောင်းစာကြည့်တိုက်များသို့ စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အလုံမြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းစာကြည့်တိုက်များသို့ SKY NET တပ်ဆင်ပေးခြင်း၊ TV၊ စာအုပ်စာစောင်များနှင့် ကျောင်းစာကြည့်တိုက်ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဦးကျော်သူဇော်က အမှာစကားပြောကြားပြီး အမှတ်(၃)အခြေခံ ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်လှိုင် (စီမံ/ဘဏ္ဍာ)က အခမ်းအနား ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် အလုံမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ငါးကျောင်းသို့ SKY NET/TV စာအုပ် စာစောင်များကို အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးကျော်သူဇော်၊ အလုံမြို့နယ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး **(အောက်ပုံ)**တို့နှင့် မြို့နယ်အတွင်းရှိ အလှူရှင်များက ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းစာကြည့်တိုက်များအတွက် ငွေပဒေသာပင်များကို ကျောင်းများအလိုက် အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြသည်။ ယင်းနေ့က လှူဒါန်းခဲ့သော SKY NET/TV စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်များ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၀၂၈၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင် ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဝင်လမ်းကတ္တရာခင်းပြီးစီးမှုကို ဖေဖော်ဝါရီ ၅ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (ဝဗဗ)

ဖွံ့ဖြိုးသစ္စာတံတားဖွင့်ပွဲ တောင်ကုတ်၌ကျင်းပ

တောင်ကုတ် ဖေဖော်ဝါရီ ၂၂

တောင်ကုတ်မြို့နယ်၌ ရွာမရွာနှင့် ကျောက်ဆိပ်တောင်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ဖွံ့ဖြိုးသစ္စာတံတားဖွင့်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉နာရီက ကျင်းပရာ အလှူရှင်ဒေါ်မချေ(နေလသစ္စာကုမ္ပဏီ)နှင့် တောင်ကုတ်ဒေသဖွံ့ဖြိုးရေးကော်မတီဝင် ဦးထွန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တည်ဆောက်

အဆိုပါ တံတားမှာ ဦးကျောက်တောင် ဇနီး ဒေါ်မချေ(နေလသစ္စာ ကုမ္ပဏီ) မိသားစုက မတည်လှူဒါန်းငွေ ကျပ် ၁၈ သိန်း ထည့်ဝင်လျက် ကျောက်ဆိပ်တောင်၊ မှန်စီတောင်၊ ရွှေပြည်သာ၊ ကျောင်းပြင်ရွာတို့မှ ဒေသခံပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာသိပ္ပံဘွဲ့ သင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

MCC Group သည် MCC Training Institute (ရတနာပုံ)ကို ဖွင့်လှစ်ခဲ့ပြီးနောက် Yangon Campus နှင့် Mandalay Campus တို့ကို ဆက်လက်တိုးချဲ့ကာ နိုင်ငံတကာအဆင့် နိုင်ငံခြားတက္ကသိုလ်များ၏ ဘွဲ့သင်တန်းများ သင်ကြားပေးလျက်ရှိရာ School of Computing မှ ကွန်ပျူတာသိပ္ပံဘွဲ့ B.Sc (Business IT) သင်တန်းများကို ဖွင့်လှစ်လျက်ရှိသည်။ School of Engineering မှ နည်းပညာဆိုင်ရာ အင်ဂျင်နီယာဘွဲ့ B.S.E သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေသကဲ့သို့ School of Business မှလည်း စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ B.B.A ဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

MCC Training Institute School of Computing သင်တန်းများ၏ ထူးခြားချက်မှာ Supply Chain ပုံစံမျိုးဖြင့် Academic, Skill, Work Experience, Language Proficiency တို့ကို တစ်ပြိုင်တည်း ပေါင်းစပ်သင်ကြားပေးခြင်းဖြစ်သည်။

MCC Training Institute ကျောင်းသား ကျောင်းသူများအတွက် အင်တာနက်ကို ကျောင်းပရဝဏ်များအတွင်း မည်သည့်အချိန်၊ မည်သည့်နေရာမှမဆို အသုံးပြုနိုင်ရန် Wi-fi Internet Access ပြုလုပ်ထားပေးပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော လူငယ်လူရွယ်များ ဖြစ်လာစေရေးအတွက် အားကစား၊ အနုပညာ၊ လူမှုပတ်ဝန်းကျင် လေ့လာရေးတို့အပြင် Personal Grooming အပါအဝင် Soft Skill များကိုပါ တွဲဖက်သင်ကြားလေ့ကျင့်ပေးနိုင်ရန်လည်း စီစဉ်ထားသည်။

အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် B.Sc(Business IT) ကွန်ပျူတာဘွဲ့သင်တန်းကို မတ် ၂၄ရက်တွင် Yangon Campus ၌ လည်းကောင်း၊ မတ် ၃၁ရက်တွင် MCC Training Institute (Yatanarpon) နှင့် Mandalay Campus တို့၌ လည်းကောင်း ဖွင့်လှစ်မည် ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျောင်းသား ကျောင်းသူများ Day Student အဖြစ် တက်ရောက်နိုင်မည်ဖြစ်ပြီး MCC Training Institute (Yatanarpon) တွင်မူ အဆောင်ဖြင့် နေထိုင်၍ ပညာသင်ယူနိုင်မည် ဖြစ်သည်။

သင်တန်း တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် MCC Training Institute (Yatanarpon) Incubation Center (3) ရတနာပုံနည်းပညာမြို့သစ်၊ ပြင်ဦးလွင် ဖုန်း-၀၂-၇၈၁၁၂၊ ၀၂-၇၈၁၁၄ နှင့် ၀၉-၅၀၆၇၁၆၅၊ Yangon Campus အဆောင်(၃-၄) သိမ်ကြီးဈေး(စီ)ရဲ့ တတိယထပ် ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၅၅၁၂၊ ၂၄၅၇၆၂၊ ၂၄၉၁၅၂ နှင့် ၂၄၆၆၃၄၊ Mandalay Campus ဝါးခင်းကုန်းဘုရားလမ်း ၃၅လမ်း ၅၆လမ်းနှင့် ၅၇လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း -၀၉-၉၁၀၃၄၀၆၂ နှင့် ၀၂-၇၇၉၃၀တို့ထံသို့ဆက်သွယ်၍ ကျောင်းဝင်ခွင့်ပုံစံများရယူကာ လျှောက်ထားတက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၅၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ရာ ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးတွင် ပင်လယ်ကမ်းခြေပုံစံနှင့် အဆင့်မြင့်ဟိုတယ် တည်ဆောက်၊ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ဂျပန်ကလည်း ရင်းနှီးမြှုပ်နှံမည်၊ လူကြိုက်များသော 100 PLus အချိုရည်စက်ရုံ ပြည်တွင်း၌ တည်ဆောက်မည်၊ ဆီဒင်ထုတ်နှစ်ထပ်ကားကြီးများဖြင့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးခရီးစဉ်များ ပြေးဆွဲရန်စီစဉ်၊ အစ္စရေးက မြန်မာနိုင်ငံတွင် ပထမဆုံးရင်းနှီးမြှုပ်နှံမည်၊ မြန်မာကုန်သည်/စက်မှုအသင်းချုပ်ရုံးခွဲ ရှန်ဟိုင်းမြို့၌ ဖွင့်မည်၊ ကျပ်ငါးသိန်းတန် GSM ဖုန်း တစ်ရက်လျှင် လျှောက်လွှာ ၂၀၀ လက်ခံဆောင်ရွက်ပေးနေ၊ မြန်မာ ၁၁ဦးပါ သင်္ဘောကို ဆိုမာလီဓားပြများလက်မှ တောင်ကိုရီးယားရေတပ်ကယ်တင်ခဲ့ပုံကို ဒေါ်လာ ၁၈ သန်းအကုန်ခံ၍ ရုပ်ရှင်ရိုက်မည်၊ အင်တာနက်သုံး မိုဘိုင်းလ်ဖုန်းများဖြင့် အဆောက်အအုံများ၏ အန္တရာယ်ကို ကြိုတင်သိနိုင်၊ e-Cinema စနစ်ဖြင့် ခိုးကူးခွေပြဿနာကို ကာကွယ်နိုင်မည်၊ ဗြိတိန်က မြန်မာနိုင်ငံကို လေးနှစ်အတွင်း ပေါင် ၁၈၅ သန်းတိုးမြှင့်ကူညီမည်၊ ဂျပန်က ကမ္ဘာ့အမြန်ဆုံး ကျည်ဆန်ရထား တည်ဆောက်မည်၊ ရောမမြို့အနှံ့စုံလင် တဒင်္ဂခရီးစဉ်၊ တရုတ်က ဂျပန်ကို ကျော်လွန်ကာ ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်လာ၊ တရုတ်က ပနားမားတူးမြောင်းကို ပြိုင်ဆိုင်ရန် ကိုလံဘီယာ၌ အတ္တလန္တိတ်နှင့် ပစိဖိတ်ကမ်းရိုးတန်းတို့ကို ဆက်သွယ်မည့် ရထားလမ်းဖောက်လုပ်ပေးမည်၊ လေအားဖြင့်သွားသောကားဖြင့် မိုင် ၃၀၀၀ကျော် ခရီးနှင်ခဲ့ စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မတ္တရာမြို့နယ်၌ စာကြည့်တိုက်ပန္နက်တင်

မတ္တရာ ဖေဖော်ဝါရီ ၂၂

မတ္တရာမြို့နယ် ဥဒိန်ကျေးရွာအုပ်စု ဆင်ကုန်းကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက စာကြည့်တိုက်မြေနေရာ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူမြင့်၊ စာကြည့်တိုက် ကော်မတီဝင်များဖြစ်ကြသော ဦးတင့်ဆွေ၊ ဦးတင်အောင်၊ ဦးသိန်းဇော်နှင့် ဦးခင်မောင်ရင်တို့က သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။**(ယာပုံ)**

ဆောက်လုပ်မည်

အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာနေ စေတနာရှင် ပြည်သူများ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အလျား၂၄ ပေ၊ အနံ၁၄ပေရှိအုတ်ညှပ်၊ သွပ်မိုးနှင့် သမံတလင်းခင်းကာ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ကြီးဦးသိန်းဇော် စက်ပစ္စည်းများရောက်ရှိမှု စစ်ဆေး

ဒေသများသို့ အချိန်မီပေးပို့ တပ်ဆင်နိုင်ရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဖေဖော်ဝါရီ ၂၀ရက်တွင် မန္တလေးမြို့ ဆက်သွယ်ရေးအဆောက်အအုံသို့ ရောက်ရှိပြီး အထက်မြန်မာပြည်၌ တိုးချဲ့တပ်ဆင်သွားမည့် ရတနာပုံမြို့သစ် ASIA MEGA LINK Co., Ltd. မှ ထုတ်လုပ်သည့် CDMA -450 စနစ် စက်ပစ္စည်းများရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဒေသများသို့ အချိန်မီပေးပို့တပ်ဆင်နိုင်ရေးအတွက် မှာကြားသည်။ **(အောက်ပုံ)**

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် အဆောက်အအုံအတွင်းရှိ TRANSMISSION စက်ခန်းနှင့် ဂစ်ဂါဗစ်မြန်နှုန်းမြင့် အင်တာနက်ဆက်ကြောင်း GIGA BYTE IP TRANSIT GATEWAY စခန်းတို့ကို ဝင်ရောက်ကြည့်ရှုပြီး ဆက်သွယ်မှုများ ပိုမိုကောင်းမွန်စေရေးအတွက် ဆက်သွယ်မှုစနစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် အော်တိုအိတ်ချိန်းများဖြစ်သည့် EWSD အိတ်ချိန်း၊ S12 အိတ်ချိန်းနှင့် TWD 09 အိတ်ချိန်း တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ SOFT SWITCH စက်ခန်းနှင့် YATANAPON TELEPORT G- PON OPTICAL LINE TERMINALS စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် CDMA-450 စက်ခန်း၊ CDMA (800MHz) စက်ခန်းများနှင့် Multi Carrier Wireless Local Loop (McWiLL) စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုဘိုင်းလ်စနစ်များ အရည်အသွေး ပြည့်မီစွာဖြင့် သုံးစွဲသူများ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် ဆက်သွယ်ရေးစခန်းများနှင့် ဆက်သွယ်မှုစနစ်များ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ် ညစာ့ခံပွဲသို့ တက်ရောက်လာသော စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mikhail MGELADZE နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသားဟာဂျီမိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ

မူဆယ်၌ လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့သော မူဆယ်လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉ နာရီတွင် မူဆယ်မြို့ စွမ်ဇော်ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့မုခ်ဦး၌ ကျင်းပရာ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီး စိုးမြိုင်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယ ရဲမှူးကြီးညွှန့်လှိုင်၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးဟိန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် ဌာနဆိုင်ရာ အသီးသီးမှ ဖိတ်ကြားထားသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ UNICEF၊ UNIAP၊ WV (M)၊ SC နှင့် AFXB တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မူဆယ်ခရိုင်ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး အဖွဲ့ခေါင်းဆောင်တို့က ဂေဟာအဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူးက ဂေဟာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား ရဲမှူးကြီး စိုးမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့် မူဆယ် ခရိုင်ဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အဆိုပါဂေဟာမှာ အလျား ၉၈ ပေ၊ အနံ ၃၆ ပေရှိ လူကုန်ကူးခံရသူ ၅၀စောင့်ရှောက်ပေးနိုင်သည့် ဂေဟာဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရလှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၉၅၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဂေဟာ၌ လိုအပ်သည့် ရုံးသုံးပစ္စည်း၊ အသုံးအဆောင်ပစ္စည်းများကို UNIAP ၏ စီစဉ်ပေးမှုအရ COMMIT ရန်ပုံငွေမှ ငွေကျပ်သိန်း ၄၀ ဖိုး ဖြည့်ဆည်းပေးထားကြောင်း သိရသည်။

ကူညီစောင့်ရှောက်

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား လူကုန်ကူးမှုပြဿနာကို ပူးပေါင်းတိုက်ဖျက်ရန် ၂၀၀၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၀၉ ခုနှစ်တွင် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၀ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၁၈၃ ဦးကို ပြန်လည် လွှဲပြောင်းပေးခဲ့သည်။

အလားတူ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးရုံးများ၏ ပူးပေါင်းဆောင်ရွက်မှုအရ လူကုန်ကူးမှု (၁၂)မှု၊ လူကုန်ကူးတရားခံ ကျားရှစ်ဦး၊ မ ၂၄ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ယနေ့ တည်ဆောက် ဖွင့်လှစ်ခဲ့သော ဂေဟာသည် အဆိုပါ လူကုန်ကူးခံရသူများအား နိုင်ငံတကာ စံနှုန်းများနှင့်အညီ ကူညီစောင့်ရှောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခဲ့သော မူဆယ်လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

FATHER LAND မိသားစု ထမနဲထိုးပွဲကျင်းပ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၂

Father Land Construction & Home Decoration ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် (၂၁၉/၂၂၁) ရှိ Father Land Construction & Home Decoration ရုံးချုပ်ရှေ့၌ ကျင်းပရာ **(အပေါ်ပုံ)** ဝန်ထမ်းမိသားစုများက စုပေါင်းထမနဲထိုး၍ စေတနာရှင်များ ကျွေးမွေးလှူဒါန်းကြသည်။ Father Land Construction & Home Decoration ကုမ္ပဏီသည် ကွန်ဒိုမီနီယမ်များ၊ လုံးချင်းနှင့် ရိုးရိုးတိုက်ခန်းများကိုဆောက်လုပ်၍ ရောင်းချပေးလျက်ရှိကာ Decoration လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသည်။ ထို့အပြင် အခန်းအလှဆင်ပစ္စည်းများကိုလည်း ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်ဆောင်ရွက်လိုသူများသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် (၂၁၉/၂၂၁)ရှိ Father Land Construction & Home Decoration ဖုန်း -၂၀၄၀၅၅၊ ၂၉၈၅၄၀နှင့် ၃၉၇၆၄၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ** တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၃)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၀)
- ၈:၄၀ Myanmar Casual Wear Super Star Singing Contest အကြိုပြင်ဆင်နေမှုများ
- ၉:၀၀ Activities in the City [တိုက်ကြီးမြို့ အထက ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ]
- ၉:၂၀ အားကစားမြင်ကွင်းစုံ (ManU အကြောင်း ပြောကြားသူများ) ပိုင်ဖေရဲထွန်း၊ ဖိုးချစ်၊ ဝေမင်းမောင်
- ၉:၅၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **ကြိုးကြာတောင်ပံခတ်သံ**
- ၁၀:၂၅ Industrial Talk [ဒေါက်တာတိုးအောင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁:၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဟက်ကက်)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ မျှော်လင့်ခြင်းခရီးစဉ်… ဖြစ်ရပ်မှန် (၁) (ရင်သားကင်ဆာ)
- ၁၂:၃၀ JICA Myanmar ၏ မေတ္တာကွန်ရက်များဆီသို့… အဓိကကူးစက်တတ်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးစီမံကိန်း
- ၁:၀၀ **ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ** တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **ပူတာကောင်းတယ်၊ အေးတာကောင်းတယ်**
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၃)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၀)
- ၄:၄၅ ယခင် အလက(၃) သာကေတ အာစရိယပူဇော်ပွဲ
- ၅:၀၀ ထူးချွန်သူတို့မွေးဖွားပေးရာ Prestige International
- ၅:၁၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Professional Development Centre & Assumption University Gathering Party)
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Diamond City စိန်နှင့် ပလက်တီနမ်ဆိုင်သစ်ဖွင့်ပွဲ)
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၄)
- ၇:၂၀ Cartoon Show Time (Alpha and Omega)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (တစ်ခိုင်လုံးရွှေအေးအေးမြင့် အကသင်တန်း)
- ၈:၄၅ သင်ယူလေ့လာဂီတပညာ (Cycle of Fifths) (Part-11)
- ၉:၀၀ Celebrity Style (ခင်ဘုဏ်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၁)
- ၁၀:၀၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (နွေးထွေးတဲ့မိသားစုအတွက် မဥ္ဇူလမ်းကအိမ်ကလေး)
- ၁၀:၃၀ **ရွှေဖြူ** ဟုခေါ်သည် (အပိုင်း-၂)
- ၁၀:၅၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁၁:၃၅ သောတ္တိသေနသမ္ဘူလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၂:၁၅ World of Knowledge (World's Toughest Fixes: Giant Antenna)
- ၁:၀၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လှော်ကားဥယျာဉ်)
- ၁:၁၀ ရိုးရာအလုပ်မှာနီးတောင်းနီးဖျာ
- ၁:၂၀ Movie Mistakes (King Kong)
- ၁:၄၀ မြန်မာစာ၊ မြန်မာစကား
- ၂:၀၀ Shooting Location (ကီလီ ၆)
- ၂:၂၅ **စီးဆင်းပါစေမေတ္တာရည်** မေကဗျာ၊ ဖူးဖူး
- ၂:၃၅ ဘဝများ (တင်မိုးလွင်)
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
- ၄:၃၀ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (နဂါးမောက်ပင်စိုက်ပျိုးနည်း)
- ၄:၄၅ ရှေးမူမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁

စန်းလွင်

၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် (International Year of Forests) အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့က ဆုံးဖြတ်ချက်အမှတ် ၆၁/၁၉၃ ဖြင့် ကြေညာခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် အထိမ်းအမှတ်အခမ်းအနားကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ် အထွေထွေညီလာခံခန်းမတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် စာရေးသူတက်ရောက်ခွင့်ရရှိခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ရေရှည်တည်တံ့စေမည့် သစ်တောစီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာတည်တံ့မှု၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ သစ်တောများမှ ကာဗွန်စုပ်ယူနိုင်မှု စသည့် မြင်သာသည့်အချက်များကို ထောက်ပြပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်တွင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ပါသည်။ သစ်ပင်သစ်တောများ၏တန်ဖိုးများကို ရှုထောင့်မျိုးစုံမှ နားလည်ခံစားစေရန် ဖန်တီးတင်ဆက်ထားသည့် အပြည်ပြည်ဆိုင်ရာသစ်တောရုပ်ရှင်ပွဲတော်မှ ဆုရရုပ်ရှင်ကားများကို ပြသခဲ့ပါသည်။ ဆုရ The Queen of Trees ရုပ်ရှင်ကားမှာ ရေသဖန်းတစ်ပင်၏ ဇီဝမျိုးစုံမျိုးကွဲများအတွက် အရေးပါမှုကို သိပ္ပံနည်းကျသာမက အနုပညာပြောင်မြောက်စွာ ဖန်တီးမှုတစ်ခုအဖြစ် ကြည့်ရှုခဲ့ရပါသည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်တွင် အစိုးရများ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဆက်စပ်သည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အခြားအဖွဲ့အစည်းများအနေဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် သစ်တောအမျိုးအစားအားလုံးကို ရေရှည်တည်တံ့စေမည့် စီမံခန့်ခွဲမှုများ၊ ထိန်းသိမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် တညီတညွတ်တည်း ဆန္ဒသဘောထားဖော်ထုတ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် တံဆိပ် (Logo) မှာ "လူထုအတွက်သစ်တောများ" ဆောင်ပုဒ်ကို အခြေခံရေးဆွဲထားခြင်းဖြစ်ပါသည်။ လူထုအတွက် အမိုးအကာပေးပြီး ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းဒေသဖြစ်သည့် သစ်တောများမှ စားနပ်ရိက္ခာ၊ ဆေးဝါး၊ သန့်ရှင်းသောရေတို့ ရရှိနိုင်ကာ တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုနှင့် ပတ်ဝန်းကျင်တည်ငြိမ်ရေးတို့အတွက် ထိန်းသိမ်းရာ၌ အရေးပါသည့်ကဏ္ဍတွင် ပါဝင်နေပါသည်။ ကမ္ဘာ့လူသား သန်း ၇၀၀၀ တို့၏ ဘဝရပ်တည်မှုနှင့် အကျိုးစီးပွားကို ဖော်ဆောင်ပေးနေသည့် သစ်တောများကို အလေးပေးရန် လိုအပ်လျက်ရှိပါသည်။

လက်ရှိသစ်တောဖုံးလွှမ်းမှုမှာ ကမ္ဘာမြေဧရိယာ၏ ၃၁ ရာခိုင်နှုန်း ရှိနေပြီး လူသားများ၏ လုပ်ဆောင်မှုကြောင့် နှစ်စဉ် သဘာဝသစ်တော ဧကသန်း ၃၀ ကျော် ဆုံးရှုံးလျက်ရှိရာ သဘာဝသစ်တောဧက သန်း၉၈၀၀ ခန့်ကို မှီခိုနေကြရသည့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံ (သန်း ၁၆၀၀ခန့်) အတွက် စိုးရိမ်ဖွယ်ရာ ဖြစ်နေပါသည်။

သစ်တောဧရိယာအများဆုံး ငါးနိုင်ငံမှာ ရုရှား၊ ဘရာဇီး၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး ယင်းနိုင်ငံများတွင် ကမ္ဘာ့သစ်တောဧရိယာ၏ တစ်ဝက်ကျော်ရှိနေကြပါသည်။ ကမ္ဘာ့သစ်တောများတွင် အမျိုးသားဥယျာဉ်၊ ဘေးမဲ့တောအပါအဝင် ဥပဒေဖြင့် ဖွဲ့စည်းထားသည့် ကာကွယ်တောဧရိယာမှာ ကမ္ဘာ့သစ်တော၏ ၁၃ ရာခိုင်နှုန်းခန့်သာ ရှိနေပါသည်။ ခရစ်နှစ် ၂၀၀၀နှင့် ၂၀၁၀ကာလအတွင်း နှစ်စဉ် သစ်တောဧရိယာ ဧက ၁၂ ဒသမ ၈သန်းဆုံးရှုံးလျက်ရှိရာ ၎င်းဧရိယာမှာ ကော့စတာရီကာနိုင်ငံ၏ အကျယ်အဝန်းခန့်ရှိပါသည်။ ခရစ်နှစ် ၁၉၉၀ မှ ၂၀၀၀ ခုနှစ်ကာလအတွင်း နှစ်စဉ်သစ်တောဆုံးရှုံးမှုနှုန်း ဧကသန်း ၂၀နှင့် နှိုင်းယှဉ်ပါက လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။

သဘာဝသစ်တောများပြုန်းတီးမှုကို ဖြည့်ဆည်းရန်အတွက် တစ်ဖက်မှလည်း သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိရာ တည်ထောင်ပြီး သစ်တောစိုက်ခင်း ဧက ၆၂၅ သန်းခန့်ရှိနေပြီး ကမ္ဘာ့သစ်တောဧရိယာ၏ ၇ ရာခိုင်နှုန်းခန့် ရှိနေပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ခုနှစ်အတွင်း သစ်တောစိုက်ခင်းဧက ၁၂ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါသည်။

သစ်နှင့် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် သစ်တောဧရိယာမှာ ဧကသန်း ၃၀၀၀ ခန့်သာဖြစ်ပြီး ဧကသန်း ၂၃၅၀ခန့်မှာမူ ဘက်စုံသုံးရန် သတ်မှတ်ထားပါသည်။ ၁၉၉၀ ခုနှစ်မှစ၍ သစ်နှင့် သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နေသည့် သစ်တောပမာဏမှာ ဧက ၁၂၄ သန်းခန့် လျော့နည်းလာပါသည်။ အလားတူ သစ်ထုတ်လုပ်မှုပမာဏမှာလည်း အာဖရိကဒေသမှအပ ကျန်ဒေသအားလုံးတွင် လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ စာရင်းရရှိထားသော နှစ်စဉ်ထုတ်လုပ်သည့် သစ်ပမာဏမှာ ပျမ်းမျှသန်း ၃၄၀၀ ကုဗမီတာခန့် ရှိနေပါသည်။

ရေမြေထိန်းသိမ်းရန်သတ်မှတ်ထားသည့် သစ်တောပမာဏမှာ ဧက ၈၁၅ သန်းခန့်ရှိပြီး တရုတ်ပြည်က သဲကန္တာရတိုက်ဖျက်ရေးရည်ရွယ်ချက်ဖြင့် သစ်ပင်စိုက်ပျိုးမှုကြောင့် ၁၉၉၀ ခုနှစ်အတွင်း ဧရိယာဧက ၁၄၈ သန်းခန့် တိုးတက်လာပါသည်။

ကုလသမဂ္ဂသစ်တောညီလာခံက ချမှတ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက် (၄)ချက်မှာ-

- ကမ္ဘာတစ်ဝန်းသစ်တောဖုံးလွှမ်းမှု လျော့နည်းခြင်းကို တားဆီးရန်အတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ပျိုးခြင်းနှင့် သစ်တောပြုန်းတီးမှု တားဆီးရန်ကြိုးပမ်းမှုများ ပါဝင်သည့် "ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်" ဖြင့် ဆောင်ရွက်ရန်၊
- သစ်တောများကို အမှီပြုနေကြသည့် လူတို့၏ လူနေမှုအဆင့် မြင့်မားရေး ဆောင်ရွက်ရန်အတွက် သစ်တောအခြေခံစီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးခံစားခွင့်များအား တိုးမြှင့်ဆောင်ရွက်ရန်၊
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုရှိသည့် သစ်တောများ၏ ဧရိယာကို သိသိသာသာ တိုးမြှင့်လာစေရန်အတွက် ကာကွယ်ထားသော သစ်တောများနှင့် ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုရှိသည့် သစ်တောများမှ ထုတ်လုပ်သော သစ်တောထွက်ပစ္စည်းများ၏ အချိုးအစားများပြားလာစေရေး ဆောင်ရွက်ရန်၊
- ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှုအတွက် တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ လျော့နည်းလာမှုများ တားဆီးရန်နှင့် ရေရှည်တည်တံ့စေသည့် စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အသစ်နှင့် အပိုဆောင်း ဘဏ္ဍာငွေ အရင်းအမြစ်များ သိသိသာသာ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ကုလသမဂ္ဂ သစ်တောဆိုင်ရာဖိုရမ်က အဖွဲ့ဝင်နိုင်ငံများအား အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့သစ်တောများနှစ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ကြရေး တိုက်တွန်းထားပါသည်။

- ကုလသမဂ္ဂသစ်တောဆိုင်ရာ ဖိုရမ်အဖွဲ့ဝင်နိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သီးသန့်အခမ်းအနားများကျင်းပပြီး သစ်တောများ၏ ဘက်စုံတန်ဖိုးများကို လူသားအားလုံး သတိပြုစေရေးအတွက် ကမ္ဘာ့သစ်တောများနှင့် ၎င်းတို့အား မှီခိုနေကြသူများ ရင်ဆိုင်နေကြရသည့် ပြဿနာများကို ဖော်ထုတ်ကြရန်၊
- ဥပဒေဖြင့် ချည်နှောင်ထားခြင်းမရှိသော သစ်တောအမျိုးအစား အားလုံးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် (၄)ချက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒပိုင်းဆိုင်ရာ တွန်းအားများတိုးမြှင့်သွားရန်၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရန်၊ ဆောင်ရွက်မည့်နည်းလမ်းများ ရန်ပုံငွေနှင့် သယံဇာတများ ဖော်ထုတ်နိုင်မည့် နည်းဗျူဟာများချမှတ်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နည်းပညာများ လွှဲပြောင်းပေးရန်၊
- အဖွဲ့ဝင်နိုင်ငံများ၌ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းမှုကော်မတီ သို့မဟုတ် တာဝန်ခံခန့်အပ်ရန်၊ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် လှုပ်ရှားမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဒေသအဆင့်၊ အမျိုးသားအဆင့်ဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အချင်းချင်း၊ အဓိကအဖွဲ့ဝင်အချင်းချင်း ဆက်စပ်သည့် လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်းဆက်သွယ်ညှိနှိုင်းပြီး အားပေးဆောင်ရွက်ကြရန်၊ အဖွဲ့ဝင်နိုင်ငံများအား ရေရှည်သစ်တောစီမံအုပ်ချုပ်မှုအတွက် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်တို့တွင် အောင်မြင်မှုရသည့် သာဓကများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်အသိပေးရန်၊
- ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနှင့် လှုပ်ရှားမှုများတွင် အပြည့်အဝ ပူးပေါင်းပါဝင် ပံ့ပိုးကြရန်၊
- ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကော်မရှင်အနေဖြင့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ကျင်းပရေးအတွက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်ပြရန်၊ သဘောတူပြီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များတွင် သစ်တောကဏ္ဍသည် သိသာထင်ရှားစွာ ပါဝင်နေပါ၍ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအား သစ်တောအမျိုးအစားအားလုံးမှ အကျိုးအမြတ်ခံစားစေရေးအတွက် စီမံခန့်ခွဲမှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်၊
- သစ်တောများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းများအနေဖြင့် ဂေဟစနစ်များ၊ ရေရှည်စီမံခန့်ခွဲရန်လိုအပ်မှုများအပါအဝင် ဘက်စုံတန်ဖိုးများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းများအလိုက်ဖြစ်စေ ပိုမိုနားလည်စေရေး ဆောင်ရွက်သွားရန်။

ကုလသမဂ္ဂ သစ်တောဆိုင်ရာဖိုရမ် အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် သစ်တောရေးရာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာ့သစ်တောများကို ထာဝစဉ်တည်တံ့စေမည့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ် ကျင့်သုံး၍ နှစ်တို၊ နှစ်ရှည်မူဝါဒများချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သစ်တောမူဝါဒတွင် လက်ရှိပြည်သူလူထုနှင့်နောင်လာနောက်သားများပါသစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးထိန်းသိမ်းရန်၊ ပြည်သူလူထု၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ သစ်တောများထိန်းသိမ်းခြင်းနှင့် အသုံးချခြင်းတို့တွင် ပြည်သူတို့ပူးပေါင်းပါဝင်စေရေးဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေမှုကို ပြည်သူအတွင်း အသိစိတ်ဓာတ်ရှိနေစေရေး စည်းရုံးလှုံ့ဆော်သွားရန် ပဓာနအချက်များအဖြစ် သတ်မှတ်ထားပါသည်။ ၎င်းအပြင် ဒေသခံပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်မှုရယူပြီး သစ်တောများ ပျက်စီးပြုန်းတီးသွားသောနေရာများတွင် ပြန်လည်ပြုစုစိုက်ပျိုးရန်နှင့် သစ်တောမရှိသော နေရာများတွင် သစ်တောတည်ထောင်ရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခွင့်ပြုထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု၊ ရာသီဥတုပြောင်းလဲမှုအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများစသည့် လက်ရှိစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသော သစ်တောများကို ရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများအပါအဝင် လူသားအားလုံးက အပြည်ပြည်ဆိုင်ရာသစ်တောများနှစ်ဖြစ်သည့် ၂၀၁၁ခုနှစ်တွင် အသိစိတ်ဓာတ်ရှိရှိဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့်ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားလှယ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီးဆပ်ကော်မတီများက ကော်မတီများအလိုက် စီစဉ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သူရဦးအောင်ကိုက အခမ်းအနားကျင်းပရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဖြူမြို့နယ် ဂုံးချိန်ကျေးရွာတွင် အများသုံးအုတ်ရေတွင်း တူးဖော်မှုကို ဖေဖော်ဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်း ဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

(မီးသတ်ဦးစီးဌာန)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သုံးတိုင်ကျေးရွာနေဒေါ်ခင်ဝင်းနှင့် သားဖြစ်သူ မောင်အောင်ဖြိုးထက်တို့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာအနီး တောတွင်းတစ်နေရာ၌ ထင်းခုတ်နေစဉ် ထင်းပင်လဲကျရာမှ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး ပေါက်ကွဲပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် ဒေါ်ခင်ဝင်း၏ ဝဲဘက် ဝမ်းဗိုက် မိုင်းစရုပ်မှန်ဒဏ်ရာနှင့် မောင်အောင်ဖြိုးထက်၏ ဘယ်၊ညာပေါင် မိုင်းစရုပ်မှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

အားပြင်းငလျင်ကြီး

ဤမြို့သည်ကား လွန်ခဲ့သည့် ငါးလအတွင်းက အင်အား ၇ ဒသမ ၁ ရှိ အားပြင်းငလျင်ကြီး လှုပ်ခဲ့သည်။ သို့သော် ထိုစဉ်က အသေအပျောက်မရှိ။ နှစ်ဦးလောက်သာ ဒဏ်ရာရခဲ့သည်။

ပြောကြား

ယခုတစ်ဖန်လှုပ်သည့် ငလျင်သည်ကား ငလျင်လှုပ်ပြီး တစ်မုဟုတ်ချင်းအတွင်းမှာပင် အနည်းဆုံး ၆၅ လောင်း တွေ့ရသည်။ သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း၊ အနည်းဆုံး လူ ၂၀၀ လောက် သေပျောက်မှုရှိနိုင်ကြောင်း ခရစ်ချတ်ချ်မြို့တော်ဝန်က ပြောကြားသည်။

ခံစားကြရ

ထိုငလျင်ကြီးသည် ခရစ်ချတ်ချ်မြို့၏ အရှေ့တောင်ဘက် ၆ ဒသမ ၂ မိုင်အကွာ၊ မြေအောက်အနက် နှစ်မိုင်ခွဲခန့်အကွာ၌ ဗဟိုပြုပြီး လှုပ်ခဲ့ခြင်းဖြစ်သည်။ ခရစ်ချတ်ချ်မြို့သည် ငလျင်ဗဟိုချက်၏ အနီးတွင်ရှိ၍ ပျက်စီးမှုများပြားခဲ့ရခြင်းဖြစ်သည်။ မြို့နေလူပေါင်း လေးသိန်းနီးပါး စစ်မြေပြင်တွင် ရောက်ရှိနေရကဲ့သို့ ခံစားခဲ့ကြရကြောင်း ခရစ်ချတ်ချ်မြို့တော်ဝန်က ပြောကြားသည်။

ငလျင်ကြောင့် သေဆုံးသူများရခြင်းမှာ ငလျင်လှုပ်နေစဉ် ဘတ်စ်ကားနှစ်စီးပေါ်သို့ အဆောက်အအုံများ ပြိုကျခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောသည်။ အဆောက်အအုံပျက်များအောက်တွင် လူအများအပြား ပိနေဆဲဖြစ်သည်။ ပိုင်းဂိုးလ်ဂရင်းနစ်အမည်ရှိ အဆောက်အအုံ တစ်ခုတည်းအောက်တွင်ပင် လူ ၃၀ ခန့် ပိနေကြောင်း၊ အော်သံများ ကြားနေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ခရစ်ချတ်ချ်မြို့လယ်ရှိ သံမဏိ သံပေါင်များဖြင့် အခိုင်အမာ ဆောက်ထားသော ခရစ်ချတ်ချ်ကက်ဟီဒရယ် အဆောက်အအုံကြီးပင်လျှင် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည်။

တိုးလာနိုင်

တစ်မြို့လုံး လျှပ်စစ်နှင့်တယ်လီဖုန်းလိုင်းများ ပြတ်တောက်သွားသည်။ ရေပိုက်များသည်ပင်လျှင် ပေါက်ထွက်ပြီး လမ်းမများပေါ်တွင် ရေလွှမ်းနေသည်။ နယူးဇီလန်နိုင်ငံတွင် ၁၉၃၁ ခုနှစ်က နာပီယာမြို့၌ အင်အားအပြင်းထန်ဆုံး ငလျင်ကြီး လှုပ်ခဲ့ဖူးသည်။ ထိုစဉ်က သေဆုံးသူ ၂၅၆ ဦးရှိခဲ့သည်။ ထို့ကြောင့် ယခုလှုပ်သည့်ငလျင်သည် နှစ်ပေါင်း ၈၀ အတွင်း အဆိုးရွားဆုံး ငလျင်ဟုဆိုရပေမည်။ သို့သော် ယခုငလျင်သည်လည်း သေဆုံးသူအရေအတွက် တိုးလာနိုင်သကဲ့သို့ ဒဏ်ရာရသူဦးရေမှာလည်း များပြားလှပေသည်။

ဤသို့ ငလျင်လှုပ်ခဲ့သဖြင့် ခရစ်ချတ်ချ်မြို့ကြီးသည် အဆောက်အအုံအပျက်အစီးများကြား သွေးသံရဲရဲနှင့် အော်သံများ၊ လျှပ်စစ်မီးတိုင်နှင့်တယ်လီဖုန်းလိုင်း ပြတ်တောက်နေမှုများ၊ ရေပိုက်များ ပြတ်တောက်ပြီး ရေများ ဒလဟောစီးဆင်းနေမှုများကြောင့် မြို့အနှံ့အပြားရှိ ပြည်သူများ တုန်လှုပ်ချောက်ချားလျက်ရှိနေပါတော့သည်။ ။

ကိုးကား-အင်တာနက်

နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့၌ ငလျင်ကြောင့် ပျက်စီးနေသော အဆောက်အအုံအတွင်း ဤသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြသည်။ (အင်တာနက်ဓာတ်ပုံ)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

မတ္တရာမြို့နယ် ထူး-စက်သုံးဆီရောင်းဝယ်ရေး ဆိုင်အမှတ် H - ၀၀၃ (မတ္တရာ)၏ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ မန်နေဂျာ ဦးလှထွန်းဦး၊ လက်ထောက်မန်နေဂျာ ဦးမျိုးညွန့်နှင့် ဦးပြည့်ဖြိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်တင်ယုနှင့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၄၀)

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်း၊ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဝင်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၁ရက်က သရုပ်ပြလေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ အင်ဂျင်နီယာမှူး ဦးကျုံးလုံဖိုင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်လွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၆)

ဖေဖော်ဝါရီ ၂၁ ရက်က မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်)၌ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဈေးများတွင် ဖေဖော်ဝါရီ ၁၉ရက်က မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင် လိုက်လံကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းတို့ ရှင်းလင်းတင်ပြစဉ်။ (၀၇၁)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သံသုမာလမ်း မြန်မာ့ဂုဏ်ရောင် အိမ်ရာနေ ဗိုလ်ကြီး ဖြိုးစည်သူ-မမြမြသင်းတို့၏ မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် ထာဝရ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကြီးကြပ်ဆောင်ရွက်

ကျောက်ပန်းတောင်းမြို့နယ် အောင်သိဒ္ဓိလမ်းထိပ် သံကူကွန်ကရစ်တံတား ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းကိုဖေဖော်ဝါရီ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးဝင်းမောင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	**သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈း၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	**လူကူးမျဉ်းကျားမှကူးမယ်**
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	သီချင်းကြီးပဒေသာ
၅း၀၀	၇။	**ကြားညှပ်သီးနှံဖရဲ**
၅း၀၅	၈။	တေးဂီတအစီအစဉ်
၅း၂၀	၉။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၃၅	၁၀။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၅	၁၄။	ရွှေရင်ခုန်သံ
၇း၀၅	၁၅။	ရသပေါ်လွင်သရုပ်ဆောင် လွင်ပြင်
၇း၄၀	၁၆။	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၄)
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၈)
	၂၂။	မြန်မာဗီဒီယိုဇာတ်လမ်း **ရင်သို့ချိန်ရွယ်ပစ်ခွင်းသော** ခန့်စည်သူ၊အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ဇော်မြင့်ဦး)

ဒါဒို့ပြေ ဒါဒို့မြေနှင့်အခြားဆောင်းပါးများ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဖေဖော်ဝါရီ ၂၂

စာရေးဆရာမ မိပြည့်ချစ် ရေးသားသည့် ဒါဒို့ပြေ ဒါဒို့မြေနှင့် အခြားဆောင်းပါးများစာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်တွင် ဘာတွေဘယ်လိုလုပ်မယ် စဉ်းစားနေလဲ၊ ချစ်ကြစမ်းပါ့ အမိမြေ၊ ငြိမ်းချမ်းပါစေ ဆုမွန်ခြွေ၊ ကိုယ့်ဝန်တာ၊ မြန်မာ့အလှ မြန်မာ့သဘာဝ၊ အားလုံးအတွက် မနက်ဖြန်၊ ဒို့ချစ်တဲ့ ဒို့ပြည်ထောင်စုကို၊ ဒါဒို့ပြေ ဒါဒို့မြေ အစရှိသည့် ဆောင်းပါးများ ပါဝင်သည်။

ဝယ်ယူရရှိနိုင်

ဤစာအုပ်ကို ဖတ်ရှုသူတိုင်း မြန်မာ့ရေ၊ မြန်မာ့မြေ၊ မြန်မာ့အလှ၊ မြန်မာ့ဘဝကို ပိုမိုချစ်မြတ်နိုး တန်ဖိုးထားလိုစိတ်များ ပွားများလာကာ အမိမြေကို ကာကွယ်စောင့်ရှောက်လိုစိတ်များလည်း တဖွားဖွား ပေါ်ပေါက်လာစေမည် ဖြစ်သည်။ အထူးသဖြင့် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအတွက် အကျိုးရှိစေရန် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ထုတ်ဝေထားခြင်းက ဤစာအုပ်၏ ထူးခြားချက်ပင် ဖြစ်သည်။ စက္ကူဖြူချော၊ ရောင်စုံရှုခင်း ဓာတ်ပုံများဖြင့် လှလှပပ သပ်သပ်ရပ်ရပ် ပြင်ဆင်ထုတ်ဝေထားပြီး နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀ က ဖြန့်ချိလိုက်ကြောင်း သိရှိရသည်

(သတင်းစဉ်)

ပက်ထရစ်အီဗရာ မန်ယူနှင့် ထပ်မံစာချုပ်

လန်ဒန် ဖေဖော်ဝါရီ ၂၂

မန်ယူနောက်တန်းကစားသမား ပက်ထရစ်အီဗရာအား ၂၀၁၃- ၂၀၁၄ ဘောလုံးရာသီအထိ မန်ယူအသင်း အိုးထရက်ဖို့ဒ်၌ ဆက်လက်ကစားရန် စာချုပ်ထပ်မံ ချုပ်ဆိုလိုက်သည်။ **(ယာပုံ)**

ပြောင်းရွှေ့လာ

အသက် ၂၉ နှစ်ရှိ ပြင်သစ်နောက်တန်းကစားသမား အီဗရာသည် ၂၀၀၆ ခုနှစ်က ပြင်သစ်မိုနာကိုကလပ်မှ ပေါင် ငါးသန်းဖြင့် မန်ယူသို့ ပြောင်းရွှေ့လာပြီးနောက် ပွဲပေါင်း ၂၂၆ပွဲ ပါဝင်ကစားခဲ့သည်။

ချီးကျူးခဲ့

အီဗရာသည် မန်ယူသို့ရောက်လာပြီးနောက် ပရီမီယာလိဂ်ဖလား သုံးလုံးနှင့် ချန်ပီယံလိဂ်ဖလားတစ်လုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ သူသည် ကမ္ဘာ့အကောင်းဆုံး ဝဲနောက်တန်းကစားသမားတစ်ဦးဖြစ်ကြောင်း နည်းပြဖာဂူဆန်က ချီးကျူးပြောကြားခဲ့သည်။ **(အင်တာနက်)**

➢ မြင့်မောင်စိုး - စုစည်းသည် ➣

မွန်တဲလ်လာအား ရိုးမားနည်းပြခန့်

ရောမ ဖေဖော်ဝါရီ ၂၂

အီတလီစီးရီးအေကလပ် ရိုးမားက နည်းပြရာနီယာရီ နုတ်ထွက်သွားခဲ့ပြီးနောက် ၂၄ နာရီအကြာ အသက် ၃၆ နှစ်ရှိ ဗင်ဆင့်ဇိုမွန်တဲလ်လာ **(ဝဲပုံ)**အား ရိုးမားနည်းပြအဖြစ် ခန့်အပ်လိုက်သည်။

ကစားခဲ့

မွန်တဲလ်လာသည် ရိုးမားကလပ်၏ လူငယ်အသင်းနည်းပြလုပ်နေသူဖြစ်သည်။ ရိုးမားအသင်းသည် စီးရီးအေ၌ ရှုံးပွဲဆက်ပြီးနောက် အမှတ်ပေးဇယားနံပါတ် ၈ နေရာသို့ ဆင်းသွားခဲ့သည်။ မွန်တဲလ်လာသည် ၁၉၉၉ ခုနှစ်မှစပြီး ရိုးမားအသင်းတွင် ၁၀ နှစ်ကြာ ကစားခဲ့သည်။

သွင်းယူ

ရိုးမား၌ ပွဲပေါင်း ၂၆၇ ပွဲ ပါဝင်ကစားကာ ၁၀၈ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ယင်းနောက် ၂၀၀၇ ခုနှစ်တွင် ဖူလ်ဟမ်သို့ အငှားသွားရောက်ကစားခဲ့ပြီး ၁၄ ပွဲ၌ ငါးဂိုးသွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းက ဘန်လေကို ဂိုးပြတ်သွင်းယူ ကွာတားပြိုင်ပွဲ၌ စတုတ်နှင့်တွေ့ကြမည်

လန်ဒန် ဖေဖော်ဝါရီ ၂၂

ဝက်စ်ဟမ်းနှင့်ဘန်လေအသင်းတို့သည် ဖေဖော်ဝါရီ ၂၂ ရက်က အက်ဖ်အေဖလား ပဉ္စမအဆင့်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာ ဝက်စ်ဟမ်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

အနိုင်ရခဲ့

ဝက်စ်ဟမ်းအတွက် ဂိုးများကို ဟစ်ဇ်ပါဂါက ပွဲစပြီး ၂၃ မိနစ်အကြာ တစ်ဂိုး၊ ကာတန်ကိုးလ်က ၄၈ မိနစ်နှင့် မိနစ် ၅၀တွင် နှစ်ဂိုး၊ ဝင်စတန်ရိဒ်က ၅၉ မိနစ်၌ တစ်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် ရိုဒရီဂွက်ဇ်က ဘန်လေအတွက် နှစ်သိမ့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် လေလွှင့်ချိန်တွင် ဆီးယားစ်က ခေါင်းတိုက်ဂိုးဖြင့် ဝက်စ်ဟမ်းအတွက် ထပ်မံဂိုးသွင်းယူခဲ့သဖြင့် ဝက်စ်ဟမ်းတို့ ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဝက်စ်ဟမ်းက စတုတ်အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ မန်ယူက လေတန်အိုးရီးရင့်သို့မဟုတ် အာဆင်နယ်နှင့် တွေ့မည်ဖြစ်သည်။ **(အင်တာနက်)**

ဝက်စ်ဟမ်းတိုက်စစ်မှူး ဟစ်ဇ်ပါဂါ ဘန်လေဘက်သို့ ဤသို့အဖွင့်ဂိုး သွင်းခဲ့သည်။

စစ်ကိုင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်ကြီး စာပေပညာရှင်များအား ပူဇော်ပွဲကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်ကြီးများ ပူဇော်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ထူပါရုံ စေတီတော်ကြီး

ရင်ပြင်တော်ရှိ ဓမ္မာရုံအတွင်း၌ကျင်းပသည်။ **(အောက်ပုံ)**

ပေးအပ်

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(နန္ဒမင်းလွင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ပေးပို့သော ၁၃၇၂ ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို အမှုဆောင်အဖွဲ့ဝင် ဦးခင်မောင်ထွေး (ထွေးမြင့်နိုင်)က ဖတ်ကြားသည်။ ထို့နောက် သက်ကြီးစာပေ ပညာရှင်ကြီးများအား စာပေနှင့်စာနယ်ဇင်း အဖွဲ့ဝင်များက ကန်တော့ကြပြီး လှူဖွယ်ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

သြဝါဒစကားပြောကြား

ဆက်လက်၍ ကန်တော့ခံစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီး ဦးမြသောင်း (သပြုမြသောင်း)နှင့် ဆရာကြီး ဦးရဲထွဋ်(မောင်မျက်ရှင်)တို့က သြဝါဒစကား ပြောကြားခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆပ်အင်းပြန့်-ချောင်းကြီး-ကျောက်ဝါ ကျေးရွာချင်းဆက် ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးပြည်စိုးနှင့် ရပ်မိ ရပ်ဖ ဦးစောဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မိဘ ဆရာအသင်း၏ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က တေဇခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ပြည်လုံး အဋ္ဌမဆုရရှိသော မခင်သီရိလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြို့နယ်သတင်း ထွေထွေလာ

သင်ကြားမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၂၁

တာချီလိတ်မြို့နယ် မိုင်းဖုန်းကျောင်းအုပ်စု၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြန်မာဘာသာစကား ကြွယ်ဝဖွံ့ဖြိုးမှုအစီအစဉ် သင်ကြားမှု တတိယအကြိမ် ကျောင်းအုပ်စုအဆင့်လုပ်ငန်းဆွေးနွေးပွဲကို ဝေလေလန် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အကြံပြုဆွေးနွေး

ဆွေးနွေးပွဲတွင် ဝေလေလန်မူလွန်ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဝင်းလှက အမှာစကားပြောကြားပြီး ကျောင်းအုပ်စုအတွင်းရှိ သူငယ်တန်းမှစတုတ္ထတန်းအထိ လက်တွေ့သင်ကြားနေသော ဆရာ ဆရာမများက သုံးသပ်ချက်နှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးချက်များအား တက်ရောက်လာသူ ကျောင်းအုပ်စုအတွင်းမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။ အဆိုပါ မြန်မာဘာသာစကား ကြွယ်ဝဖွံ့ဖြိုးမှုအစီအစဉ်သည် ပညာရေးဝန်ကြီးဌာန ပညာရေး လေ့ကျင့်ရေးနှင့်စီမံကိန်းဦးစီးဌာနမှ ၂၀၀၇ ခုနှစ်မှစ၍ အခြေခံပညာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး သူငယ်တန်းမှစတုတ္ထတန်းအထိ အဆင့်ဆင့် စမ်းသပ်သင်ကြားခဲ့ရာ ယခု ပညာသင်နှစ်ဖြစ်သည့် ၂၀၁၀-၂၀၁၁ တွင် တတိယတန်းနှင့်စတုတ္ထတန်းတွင် စတင်သင်ကြားခဲ့ကြောင်း၊ တာချီလိတ် မြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မုဒုံမြို့နယ်တို့၌ စမ်းသပ်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုနေ့ အခမ်းအနား မကွေးမြို့၌ ကျင်းပ

မကွေး ဖေဖော်ဝါရီ ၂၁

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မကွေးတိုင်းဒေသကြီး အားကစားပြိုင်ကွင်း၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေး

မော်လမြိုင် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းသည် ဖေဖော်ဝါရီ ၁ ရက်က မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတာဝန်ခံများနှင့်တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ခုနှစ် နွေစပါးနှင့် ဆောင်းဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်မြင့်က မွန်ပြည်နယ်အတွင်းရှိ ၂၀၁၀-၂၀၁၁ ခုနှစ် သီးနှံများစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးမှုအခြေအနေနှင့် စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ဆွေးနွေး တင်ပြသည်။

မှာကြားဖြည့်ဆည်း

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးက မုဒုံမြို့နယ်ရှိ အဇင်းနှင့်ကန်ကလေး ဥယျာဉ်ခြံများကို လည်းကောင်း၊ ပေါင်မြို့နယ်ရှိ ကျုံကဥယျာဉ်ခြံသို့ လည်းကောင်း၊ ကျိုက်ထိုမြို့နယ်ရှိ အင်္ဂပိုဥယျာဉ်ခြံသို့လည်းကောင်း ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (၀၁၄)

ခန္တီးမြို့ မြို့ပတ်လမ်းအား စက်ယန္တရားဖြင့်တိုးချဲ့ပြုပြင်ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးအောင် ဖေဖော်ဝါရီ ၅ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဘောလုံးပြိုင်ပွဲ ကသာမြို့၌ ကျင်းပ

ကသာ ဖေဖော်ဝါရီ ၂၁

ကသာခရိုင် ကသာမြို့၌ ဖေဖော်ဝါရီ ၁၁ရက်က ကညာပျို့နှင့် ဇရာအိုဘောလုံးခြေစမ်းပြိုင်ပွဲကို မီတာ ၄၀၀ အားကစားကွင်း၌ ကျင်းပရာ ကညာပျို့အသင်းက ငါးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စီစဉ်ဆောင်ရွက်

အဆိုပါ ပြိုင်ပွဲသို့ ခရိုင်ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဥက္ကဋ္ဌ ဦးဇော်မင်းထိုက်နှင့် အဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့ပြီး အားကစားဝတ်စုံများနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲဖြစ်မြောက်ရေးကို ကသာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေဝင်းက စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရရှိသည့်ရန်ပုံငွေများကို တာဝေးအပြေးပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပြန်လည်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးဘေးရှောင်
မလောင်ခင်တား

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော လိပ်အင်းရပ်ကွက် နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ရန်ကုန်-ပြည်လမ်းရှိ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရာ ရှေးဦးစွာနိုင်ငံတော်အလံတင် အခမ်းအနားနှင့်နိုင်ငံတော်အလံအလေးပြုပွဲကို ကျင်းပသည်။ ထို့နောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်က ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ *(၁၈၀)*

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မုံရွာမြို့ ကျောက်ကာလမ်းနှင့် ဘုရင့်နောင်လမ်းဆုံတွင် ဒစ်ဂျစ်တယ်မီးပွိုင့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးနှင့် ဒုတိယဦးစီးမှူး ဦးအောင်လွင်ဦးတို့ ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျိုက်ထိုမြို့နယ်၌ သင်တန်းဖွင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း**(အောက်ပုံ)**နှင့် ခရိုင်မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအေးလွင်တို့က အမှာစကားပြောကြားကြသည်။

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ သင်တန်းသားများ စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်ခံယူ

ကော့သောင်းမြို့ ဗိုလ်ချုပ်လမ်း ပိတောက်ရွှေဝါရပ်ကွက် အမှတ် ၆၆ နေ ဦးကျော်ဟိုး-ဒေါ်သွယ်သွယ်မြင့် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို အလှူရှင်ကိုယ်စား လှူဒါန်းပေးရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဦးအုန်းလှိုင် လက်ခံယူစဉ်။ (၁၀၅)

သောက်ရေကန်နှင့် နှစ်ထပ်ကျောင်းဆောင်သစ် မိုင်းပန်မြို့နယ်၌ ဆောက်လုပ်

မိုင်းပန် ဖေဖော်ဝါရီ ၂၁

လင်းခေးခရိုင် မိုင်းပန်မြို့နယ် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်ဆွေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီက အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း(၇×၆)ပေ၊ အမြင့် ၉ပေ၊ ရေဂါလန် ၆၀၀ဆံ့၊ တန်ဖိုးငွေကျပ် ၃၅၀၀၀၀ ရှိသော သောက်သုံးရေကန် တည်ဆောက်ပြီးစီးမှုနှင့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီး အပေါ်ထပ်အုတ်နံရံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များက ရှင်းလင်းတင်ပြပြီး လိုအပ်ချက်များအပေါ် ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကသာမြို့၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကသာ ဖေဖော်ဝါရီ ၂၁

ကသာမြို့နယ် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စီမံကိန်းနောက်ဆက်တွဲ စာရင်းကောက်ယူခြင်း လုပ်ငန်း၊ မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာန၌ ကျင်းပရာ ကသာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ခင်မောင်ကြည်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးက **(အောက်ပုံ)**လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြောက်ဦး မြို့မဈေးသန့်ရှင်းမှု ကွင်းဆင်းစစ်ဆေး

မြောက်ဦး ဖေဖော်ဝါရီ ၂၁

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်မှု ရှိ မရှိနှင့် အလေးတင်းတောင်း ချိန်ခွင်မှန်ကန်ခြင်း ရှိ မရှိကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးဘစောနှင့် ဈေးတာဝန်ခံ ဦးမောင်မောင်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

တောင်သာမြို့နယ် ဒဟတ္တန်းကျေးရွာတွင် ကျောင်းဆောက်လုပ်ရန်အတွက် မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီး ကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး၊ မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း (မုံရွာဆရာမိုးရှောက်တစ်လုံး ဝမ်းမှန်ဆေး)မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဒေါက်တာဆရာမြင့်(စကြာမင်းဆေးတိုက်)ထံ ဖေဖော်ဝါရီ ၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (၁၁၈)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ပင်လည်ဘူး၌ အလုပ်ရုံဆွေးနွေး

ပင်လည်ဘူး ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀နာရီက ပင်လည်ဘူးမြို့နယ် မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး ပင်လည်ဘူးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်မောင်မြင့်က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ စာရင်းကောက်ဝန်ထမ်း ၂၂ဦးတို့ တက်ရောက်ခဲ့ကြပြီး ရက်သတ္တပတ်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)

ဖဲကြိုးဖြတ်ဖွင့်

ကြည့်မြင်တိုင်မြို့နယ် စက်ကလေး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အဆိုပါရုံး အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရဲသွေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကြည်စိုးနှင့် မြို့မိ မြို့ဖ ဦးစောလွင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၂)

မီးလောင်စဉ် (ပြည်သူတို့၏တာဝန်)

(က) မီးလောင်မှုဖြစ်ပွားပါက အနီးဆုံးမီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(ခ) မီးသတ်ယာဉ်များမရောက်မီ ရေပုံးများ၊ ရရာပစ္စည်းများဖြင့် မီးပြန့်ပွားခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ပါ။
(ဂ) မီးလောင်ပြင်သို့လာသော မီးသတ်ယာဉ်များအား ဝင်လမ်း၊ ထွက်လမ်း ပိတ်ဆို့မှုမရှိစေရေး ကူညီဆောင်ရွက်ပါ။
(ဃ) မီးလောင်မှုကြောင့် လွင့်ပျံနေသော မီးပွားများကို ရေပက်ဖျန်းငြိမ်းသတ်ပေးပါ။
(င) မီးလောင်မှုကို ကူညီငြိမ်းသတ်ပေးပါ။
(စ) နှောင့်ယှက်သူများ၏အန္တရာယ်မှ ကာကွယ်ပေးပါ။

မီးသတ်ဦးစီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့၌ ငလျင်လှုပ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လူများစွာ သေဆုံးခဲ့ရသည့် နယူးဇီလန်ငလျင်

မြင့်မောင်စိုး ရေးသားသည်

ခရစ်ချတ်ချ် ဖေဖော်ဝါရီ ၂၂

အုန်း…အုန်း၊ ဖြုန်း…ဖြုန်း။
- အချိန်သည်ကား ဖေဖော်ဝါရီ ၂၂ ရက် ဒေသစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် မွန်းလွဲချိန်….။
- နေရာသည်ကား နယူးဇီလန်နိုင်ငံ၏ ဒုတိယအကြီးဆုံး ခရစ်ချတ်ချ်မြို့….။
- မမျှော်လင့်ဘဲ တော်လဲသံကြီးပေါ်လာသည်။

ခရစ်ချတ်ချ်မြို့၏ မဟာပထဝီမြေပြင်သည် တော်လဲသံကြီးနှင့်အတူ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ အင်အားပြင်းမြေငလျင်က ဆွဲခါလှုပ်ချလိုက်သဖြင့် မြေပြင်ပေါ်ရှိ ထိုးထိုးထောင်ထောင် တိုက်တာများရော၊ ပုပုကွကွ အဆောက်အအုံများပါမကျန် မြေသို့ ဖုန်းဖုန်းပြိုလဲကျလေတော့၏။

ပျက်စီး

ငလျင်လှုပ်ပြီးချိန်တွင် ဟိုဟိုဒီဒီခြေဦးတည့်ရာ ပြေးလွှားနေသူများ၏ ကယ်ပါယူပါ တစာစာအော်သံများ၊ ငိုသံယိုသံများဖြင့် ခရစ်ချတ်ချ်မြို့ကြီး ကမ္ဘာပျက်လေပြီ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ဖုံများကြဲချသည့်အလား အဆောက်အအုံများ မြင်ရက်စရာမရှိအောင် ပျက်စီးခြင်းသို့ ရောက်ရလေသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

ပညာတံခွန် ကျေးရွာစာကြည့်တိုက် သထုံမြို့နယ်တွင် ပန္နက်တင်

သထုံ ဖေဖော်ဝါရီ ၂၂

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာအုပ်စု ငါးကြီးအင်းကျေးရွာ ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက် မြေနေရာ၌ ကျင်းပရာ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သူဇာအောင်၊ သိမ်ဆိပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကင်ချွန်နှင့် ငါးကြီးအင်းကျေးရွာနေ ရပ်မိရပ်ဖများတို့က မင်္ဂလာအချိန်၌ သတ်မှတ်နေရာအသီးသီးတွင် ပန္နက်တိုင်များ စိုက်ထူကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များက ပညာတံခွန်စာကြည့်တိုက်ကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ သန့်ရှင်းခိုင်ခံ့လှပရေးနှင့် စာကြည့်တိုက်အတွင်း အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ထူးခြားသည့် ညအပူချိန်များ ၂၂-၂-၂၀၁၁

ပင်လောင်းမြို့	၆ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၆ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၆ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု ၂၂-၂-၂၀၁၁

ကော့သောင်းမြို့	၁ ဒသမ ၃၀ လက်မ
မြိတ်မြို့	၀ ဒသမ ၁၂ လက်မ

23-2 (20).pmd 1 2/23/2011, 1:58 AM